# သျှင်မ

အသည်းကွဲရာသီ



# အခန်း (၁)

"ဘာတဲ့ လဲ မြေး... ဘွားကို ဖတ်ပြစမ်း"

ဖတ်ပြမလို့ ပါးစပ်ကလေး ပြင်လိုက်မိသေးသည် ။ သို့သော် ဘေးဘီကို ဝေ့ကြည့်၍ ...

"ဘွားကလည်း နံရံတွေမှာ နားရှိတယ် တဲ့ ။ သူများ တွေ ကြားကုန်မှာ ပေါ့။ ခဏလေးနော်... မူး ဖတ်ပြီးရင် ဘွားကို ပြောပြမယ်"

မူးက ခပ်ညစ်ညစ် ဗလာစာရွက်ကလေးကို ဖြန့်ကာ အထဲက မညီမညာစာလုံးတွေကို ဖတ်လိုက်၏။

မမကြီး...

ခိုင်းတဲ့ ကိစ္စ မအောင်မြင်ပါ။

ဦးလေး စိုင်းခမ်းတို့ လည်း မရှိကြတော့ဖြင့် မမကြီးတို့ လူကြီးချင်း ပြောဆိုထားသမျှတို့ အား ခမ်းနားက လက်မခံနိုင်ပါဟု ပြောပါသည် ။ ကျွန်တော် မမကြီးထံမှ အမိန့်တစ်စုံတစ်ရာ ထပ်မရောက်မချင်း ဒီမှာ နေပါမည်။

**ညွန့်ကြားချက်ကို စောင့်နေလျှက်...**

**သောကြာ**

ကြည့်စမ်း... ဒေါသကြောင့် တက်ခေါက်မိတော့မတတ်ပင်။ မျက်

လုံးတို့ ကလည်း ဒရင်းဘတ်ဒ်ပေါ်မှာ ငုတ်တုတ်ထိုင်၍ ဘာပြောမလဲ နားစွင့်နေသည့် ဘွားထံသို့ ရောက်သွားသည် ။

စာဖတ်ပြီးသွားပြီမှန်း သိလိုက်ကာ ဘာမှ မပြောဘဲ ငြိမ်နေသဖြင့် ဘွားမျက်နှာကလည်း မူးဘက်ကို လှည့်လာ၏။

"မြေး... ဖတ်ပြီးပြီမဟုတ်လား။ ပြော... ဘာတဲ့ လဲ"

"သူက ငြင်းလိုက်တယ် တဲ့ "

"ဟင်"

ဘွားကတော့ မူး ဒေါသဖြစ်သွားသလို မဟုတ်ဘဲ ထိုအသံ ကြားလိုက်တာနှင့် အရပ်ကြိုးပြတ် ခွေကျသွားလေသည် ။ ဒရင်းဘတ်ဒ်မှာ မှီကျသွားပြီး တော်တော်ကြာမှ ...

"လူကြီးတွေ ပြောဆိုထားခဲ့ကြတာတောင်မှ သူက ငြင်းတယ်တဲ့ လား"

ဘယ်သူ့ကိုမှ မေးတာမဟုတ်ဘဲ ဖျော့ကျအားငယ်သံနှင့် တစ်ကိုယ် တည်း ရေရွတ်၏။

"ဘွားကလည်း ... ငြင်းပါစေပေါ့။ ယောကျ်ား သူ့တစ်ယောက်တည်း ရှိတာမှ မဟုတ်တာ။ မူး ယောကျ်ားယူဖို့ အကြောင်း မဖြစ်မနေ ကြုံလာ ရင်..."

"ဘာတွေပြောမလို့ လဲ မြေး။ အိမ်ထောင်ပြုတာကို တွေ့တဲ့ ယောကျ်ားနဲ့ လက်ထပ်ပစ်လိုက်လို့ ရတယ်လို့ များ ပြောဦးမလို့ လား"

အသံကို နှိမ့်ချပြီး ဒေါ်ပန်းသီက အချင့်မရဲ ပြောသည် ။ လျော့ရိလျော့ရဲ မှီနေရာကနေ ထထိုင်၏။

"သမီးမိန်းကလေး အချိန်တန် အရွယ်ရောက်တဲ့ အခါ အဲဒီလို ပစ်စလက်ခတ်တွေ ဖြစ်ကုန်မှာ စိုးလို့ ဘွားတို့ က စီစဉ်ထားကြတာ။ ပြောစမ်း… သေသေချာချာ။ စာထဲမှာ ဘာတွေ ပါသေးသလဲ။ ငြင်းတာက ကောင်လေးက ငြင်းတာလား၊ စိုင်းတို့ က ငြင်းတာလား"

မူးက နှုတ်ခမ်းလေးစူလျက်နှင့် စာကို မကျေမနပ် စိုက်ကြည့်သည် ။ ဘွားကို မလေးမစား ပြန်လှန်ခံပြောရဲခဲ့သည့် အကျင့်သာ ဟိုတုန်းကတည်းက ရှိခဲ့လျှင် 'ရော့… ဘွားဘာသာဖတ်ကြည့်' ဆိုပြီး ရင်ခွင်ထဲ ထည့်ပေးလိုက်မိမှာ သေချာ၏။ ခုတော့…

"ဦးစိုင်းခမ်းတို့ က ဆုံးကုန်ပြီ တဲ့ "

"အေးလေ… ဘွား သိသားပဲ။ စိုင်းတို့ က ညီအစ်ကိုသုံးယောက်တောင် ရှိတဲ့ ဟာ။ စိုင်းခမ်း ဆုံးသွားပေမယ့် စိုင်းထီးတို့ ၊ စိုင်းအယ်သာတို့ ရှိသေးတယ်။ သူတို့ မှာ စီမံပေးခွင့် ရှိတာပဲ။ တို့ တွေ ကတိရှိခဲ့ကြတာ သူတို့ လည်း သိတယ်"

"ဘွားရယ်… တော်ပါတော့။ ရှက်ဖို့ ကောင်းလိုက်တာ။ အဲဒီလူတွေကိစ္စ ဘာမှ ကို မကြားချင် တော့ဘူး"

ပြော၍ မူးက စာကို မွေ့ရာပေါ် ပစ်တင်လိုက်သည် ။ ဒေါ်ပန်းသီ ပျာပျာသလဲ ဖြစ်သွားကာ…

"ဟဲ့ ဟဲ့… စာကို ပြန်ကောက်လိုက်စမ်း၊ ဟိုပုဂ္ဂိုလ်တွေ ဝင်လာလို့ မြင်သွားမှ ဖြင့်…"

မူးက ဘွားနှင့် စာကို မျက်မှောင်ကြုတ်လေးကြည့်ပြီး စာကို ပြန်လှမ်းယူသည် ။ ဒေါ်ပန်းသီက စာကို မူး ပြန်ကောက်လိုက်တာ မြင်မှ သက်ပြင်းရှိုက်လိုက်ပြီး…

"သားသမီးကလည်း မိဘ မှာ ကြားသွားခဲ့တဲ့ စကားကို နားထောင်ရကောင်းမှန်း မသိဘူးလား။ ဒီကိစ္စကို စိုင်းထီးတို့ ကတော့ ငြင်းစေချင်မှ မဟုတ်ဘူး ။ ကောင်လေးပဲ ဖြစ်မှာ ။ ဘာဖြစ်လို့ ပါလိမ့်"

သူ့ဟာသူ စဉ်းစားနေတာပေမယ့် အငြင်းခံရသည့် ကာယကံရှင်က ကိုယ်ဖြစ်နေတာမို့ ရှက်သည့်စိတ်နှင့် ဘွား ပြောနေသမျှကို မူး မကြားချင်တော့သလို ဖြစ်လာ၏။

ဒါကိုသိနေသလိုမျိုး ဒေါ်ပန်းသီက မူးဘက်ကိုလှည့်လာကာ...

"စိုင်းတို့ က တကယ့် စော်ဘွားမျိုးဆက်တွေ၊ ဘယ်အချိန်ဘယ်အခါဖြစ်ဖြစ် သူတို့ တွေက သန့်သန့်ခန့်ခန့် နေတတ်ကြတဲ့ သူတွေ ။ မွေးထားလိုက်တာလည်း ယောကျ်ားလေး မျိုးဆက်ချည်းပဲ။ ညီအစ်ကိုတွေ အကုန်လုံး မိန်းမတွေ ရကြတယ်။ မိန်းမတွေက သူတို့ အသိုင်းအဝိုင်းက စည်းကမ်းတွေကို တင်းကျပ်တယ်ထင်ပြီး ရသင့်သလောက် တောင်းတယ်။ ထွက်ပြေးတယ်။ တကယ်က ဒီကောင်လေးရဲ့ ကုသိုလ်ကံပါပဲ"

ဘွားက မူးကို ပြောပြနေတာလား၊ သူ့ဟာသူ ပြန်တွေးပြီး ရွတ်ဖတ်နေသလားတော့ မသိပါ။ သူ့ဝသီအတိုင်း ပြောသမျှကို စကားထောက်မယ့်သူမရှိ၊ ခေါင်းညိတ်လိုက်မယ့်သူ မလိုဘဲ စာဖတ်သလို ပြောချသွား၏ ။

"ဘယ်သူမှ သားသမီးမရခဲ့ကြဘဲ ညီအစ်ကိုသုံးယောက်ပေါင်းမှ ဒီကလေးတစ်ယောက်ပဲ မျိုးဆက်ရှိတာ။ အခု ဒီကောင်လေးက ငြင်းလိုက်တယ်ဆိုတော့ ဘွားတော့ စိတ်မဆိုးဘူး။ စိတ်မဆိုးတာက ခုချိန်မှာ ဘွားတို့ က ဒုက္ခများ နေကြတာ"

"ဘွားရယ်... ဒုက္ခများ တာက ကိုယ့်အိမ်တွင်းရေး။ လက်ထပ်ဖို့ က

မ်းလှမ်းတော့ မိန်းကလေး ဘက်က မရမနေကြီးဆိုတာသာ နာမည်ကြီး မှာ ။ ကိုယ့်ကိစ္စ ကိုယ့်ဘာသာ ရှင်းမယ် ဘွား။ ဒီလူနဲ့ လက်ထပ်မှ ဖြစ်မ ယ်ဆိုတာကို ထားလိုက်ပါတော့”

“အိုကွယ် ထားလို့ မရဘူး။ မထားနိုင်ဘူး”

ဒေါ်ပန်းသီ ဒေါတွေ မောတွေ ပါလာသည် ။ ဒရင်းဘတ်ဒ်မှာ တည့် တည့်ထိုင်နေရာကနေ မူးဘက်ကို ဖင်ရွှေ့ထိုင်လိုက်၏။

“မြေး… ဟိုက သူ့မိဘစကား နားမထောင်တာက ယောကျ်ားလေး နော်။ မြေးက မိန်းကလေး။ ဘွားက ဒုက္ခိတဖြစ်ပေမယ့် ကိုယ့်မြေးကိုမှ မနိုင်နင်းတော့ဘူးဆိုရင် ဟောဒီလို ငုတ်တုတ်ထိုင်ပြီး ညည်းညူနေလိမ့် မယ် မထင်နဲ့ ။ ‘ပန်းမြတ်စံအိမ်’ မှာ ဒေါ်ပန်းသီဟာ ပန်းသီတဲ့ ကြိုး။ ဘွားရဲ့ ဆက်ငင်တွဲခေါ်မှုမှာ မလိုက်မနေရ၊ မပါမနေရပဲ။ ဟောဒီစံအိမ်ကြီးမှာ မြေးအတွက် မလုံခြုံဘူး။ ဘွားက မထနိုင်၊ မသွား နိုင်။ မြေးက မိန်းကလေး”

စိတ်လွတ်ကိုယ်လွတ် ပြောလိုက်ပြီးမှ ဒေါ်ပန်းသီက လေသံကို ပြန် နှိမ့်ချကာ…

“မြေးကို စိတ်ချရတဲ့ အိမ်ထောင်ဖက်လက်ထဲ မထည့်နိုင်မချင်း နေ့ နေ့ညည ဘယ်လိုမှ စိတ်ချမ်းသာရမှာ မဟုတ်ဘူး ။ ပြောစမ်း သောကြာ ဘာတွေရေးထားသေးလဲ”

ထပ်မေးတော့ မူး မပြောချင်ဘဲ ပြောလိုက်ရသည် ။ ဘွားက မျက်မှ န်အထူကြီး မ လိုက် ချလိုက်နှင့် နားထောင်၏။ တကယ်ဆို ဘွားမျက် လုံးက အနီးကို ဝါးတားတားပဲ မြင်ရတော့ကာ အဝေးကျမှ လူလုံးကွဲသ ည် ။ စာကျတော့ ဖတ်လို့ ကို မရတော့ပါ။

“အင်း… သူလည်း ဟိုမယ်ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေမှာ ။ တော်သေးတယ်… အဆင် မပြေတာနဲ့ ချက်ချင်းပြန်မလာလို့ ”

“ဟင်… ဘွား… ဘွားက အခု ဘာဆက်လုပ်ဦးမလို့ လဲ”

“မြေး ရန်ကုန်ကို သွားရမယ်”

“ဟင်…”

ဘယ်လိုမှ မထင်ခဲ့ပေ။ ဟိုက ငြင်းလိုက်ပါတယ်ဆိုမှ ‘ကျွန်မကို ယူပါ၊ လက်ထပ်ပါရစေ’ လို့ မူးက လိုက်သွားပြောရဦးမှာ လား။

“ဘွား… အဲဒါတော့…”

“ဒေါက်… ဒေါက်”

မူး စကားမဆက်ဖြစ်တော့ပါ။ တံခါးခေါက်သံကြောင့် မြေးအဘွားနှစ်ယောက်လုံး တံခါးဆီသို့ ပြိုင်တူ လှမ်းကြည့်လိုက်မိကြသည် ။

“သွားဖွင့်လိုက် မြေး”

မူးက တံခါးဖွင့်လိုက်ပြီး ချက်ချင်း နောက်ပြန်လှည့်လာခဲ့သည် ။ ဘယ်သူလာတာဖြစ်ဖြစ် ဘယ်မျက်နှာမှ မမြင်ချင်အောင် ဖြစ်နေခဲ့သည် ။

“နှစ်ဆောင်ပြိုင် သုံးခန်းဖွင့် ဆလင်ဒါပုံအိမ်ကြီးရဲ့ အပေါ်ဆုံးထပ်မှ နေပြီးတော့ တံခါးကို အချိန်ပြည့် သော့ချထားတာ မကောင်းပါဘူး။ ဒီအိမ်မှာ ဘယ်သူ သူစိမ်းရှိလို့ လဲ”

ကြာဖြူက မကျေနပ်တာကို ပြောင်ပြောင်ဖွင့်ပြောပြီး ဝင်လာသည် ။

သူမသည် ‘ပန်းမြတ်စံအိမ်’ မှ မျိုးဆက် သားသုံးယောက်ထဲက အလတ်ဖြစ်သော ဦးလှမြင့်မောင်၏ ဒုတိယဇနီးဖြစ်ကာ ပထမအိမ်ထောင် မဆုံးမီကတည်းက သူမနှင့်ပတ်သက်သော သတင်းများကြောင့်

ဒီစံအိမ်မှာ အကြီးအကျယ် ဂယက်ထခဲ့ဖူးသည် ။

ဒေါ်ပန်းသီအဖို့ မှာ လည်း အလွန်လိမ္မာသော ချွေးမကောင်းတစ်ယောက် ကြာဖြူကြောင့် ဆုံးရှုံးခဲ့ရသလို ဖြစ်ခဲ့သည့်အတွက်ကြောင့် ကြာဖြူကိုတော့ ချွေးမလို့ လည်း မသတ်မှတ်နိုင်။ ကြည်ဖြူပေးခဲ့ရသည့်တိုင် မနှစ်မြို့ပါ။

ထို့ကြောင့် ကြာဖြူနှင့် ‘ပန်းမြတ်စံအိမ်’ က ဘယ်သောအခါမှ အဆင်ပြေသင့်မြတ်ဖို့ မရှိပေ။

သူမကိုယ်တိုင်က ဒီစံအိမ်တစ်ခုလုံးမှာ ရှိသမျှလူတွေကို မိသားစုလို မျက်လုံးနှင့် မကြည့်။ အကောင်းထင်ပေးဖို့ လည်း မစဉ်းစား။

“သူကောင်းမှ ကိုယ်ကောင်းမှာ ပေါ့” ဆိုတာက သူမ၏ လက်သုံးစကားဖြစ်သည် ။

“ကိစ္စရှိလို့ လား ကြာဖြူ”

ဇာအပွင့်ကျဲ ပါးပါး အနက်ရောင်နှင့် အချိန်ပြည့် ရောင်စုံမျက်နှာ ဖြစ်နေတတ်သည့် ကြာဖြူကို ဒေါ်ပန်းသီ သေချာမသဲကွဲပေမယ့် သိနေသည် ။

အလွန်ပြင်းသည့် ရေမွှေးနံ့ကို မကြိုက်၊ မနှစ်မြို့သော မျက်နှာဖြင့် လေသံကလည်း သိသာနေမှာ ပါ။

မေတ္တာဆိုတာ အသွားအပြန် ရှိတာပဲ။ ကြာဖြူကလည်း တူညီသော မဲ့ပြုံးဖြင့် ဒေါ်ပန်းသီ မေးတာကို မဖြေသေးဘဲ မူး ထိုင်ခဲ့သည့် ခုံပုလေးမှာ ဝင်ထိုင်သည် ။

“ရှိတယ် အမေ။ စောစောကတည်းက လာသေးတယ်။ တံခါးပိတ်ထားလို့ ပြန်လှည့်သွားတာ။ အိပ်နေတယ်မှတ်လို့ လေ။ ထိုင်နေတာမှန်း

သိရင် လာတာပေါ့”

သူမဘာသာ ဝါကျတွေ အများကြီးဆက်ပြီး ဟိုလိုလို၊ ဒီလိုလို အပြစ်တင်ချင်သည့် လေသံတွေ ပစ်သည် ။

“ထိုင်နေတယ်တော့ မဟုတ်ဘူး ပေါ့ကွယ်။ လူကြီးသူမ ဆိုတာက ဘယ်လိုပဲနေနေ မျက်စိအေး နားအေးရှိတာ အကောင်းဆုံးပေါ့။ အိပ်နေတာမှ အနားယူတယ်ခေါ်တာ မဟုတ်ဘူး ”

“ကျွန်မကလည်း ကိစ္စအရေးကြီးလို့ ပါ”

မျက်နှာကို တည်ပစ်လိုက်ပြီး လက်ပိုက်ရပ်နေသည့် မူးကိုလည်း လှမ်းကြည့်သည် ။ ဆံပင်ရှည်ကြီးတွေ တင်ပါးအောက်ထိ ထူထူခဲခဲ ဝဲဖြာနေသည့် မူးပုံစံက အရပ်လည်း မြင့်သည် မို့ တော်တော်ကြည့်ကောင်းပါသည် ။

ဒီအိမ်မှာ သင်းကလေးကပဲ အရေးပါ အရာရောက်နေခဲ့သည့် အဖြစ်ကို တန့်နှံ့ မကျေနပ်သမျှ မူးဆိုတဲ့ ကောင်မလေး လှတာတွေ၊ ယဉ်တာတွေကိုလည်း ဘယ်လိုမှ ကြည့်မရပေ။

သို့သော် ရင်ထဲက ဆန္ဒအတိုင်း နေလိုက်ဖို့ က ဒေါ်ပန်းသီ ဆိုသည့် အဘွားကြီးက ရှိနေသေး သည် ။

“ဒီလို အမေ။ အမေ့သားကို အမေ အနောက်ကွက်ထဲက ခြံနှစ်ခြံ ရောင်းပစ်ဖို့ ပြောထား တယ် မဟုတ်လား”

“အင်း… ဘာဖြစ်လို့ လဲ”

“အခု ဝယ်မယ့်သူက ဈေးဆစ်နေတယ်”

“မလျှော့နဲ့ လေ။ ကိုယ်က ဗိုက်နာ ခေါင်းကိုက်ဈေးနဲ့ ထိုးသိပ်ရောင်း

ဖို့ မှ မလိုတာ”

“မလိုပေမယ့် လိုတာတွေလည်း ရှိတယ် အမေ။ အလုပ်က တကယ် လုပ်နေရတဲ့ သူမှ ဘယ်လို ခက်ခဲတယ်ဆိုတာကို သိတာ။ လုပ်ငန်းတစ်ခုက ရင်းနှီးမြှုပ်နှံမှု ချို့တဲ့ လာတာနဲ့ ယိုင်လာတာပဲ။ ငွေများများကိုင်ပြီး ရှေ့ရဲရဲတိုးတာက သေမြေကြီး ရှင်ရွှေထီး”

“ရှင်ဖို့ လမ်း မရှိလောက်အောင် လုပ်ငန်းအားတွေ ကျဆင်းနေရင် နည်းနည်း ကိုယ်ရှိန်သတ် ရမှာ ပဲ ကြာဖြူ။ အဖျားကြီးနေတဲ့ လူနာကို လူနာပဲဆိုပြီး အားဆေးထိုးလို့ မရဘူး။ ဒါကို သိရမယ်။ စီးပွားရှာတာဟာ ငွေတစ်ခုတည်းနဲ့ မရဘူး။ ကံ ဉာဏ် ဝီရိယ အားလုံး ညီညွတ်စွာ အသုံးချမှ ရတာ။ အတိုးအလျှော့ကို သေချာ မဆင်ခြင်ဘဲ ရှေ့ချည်းပဲ တိုးနေလို့ မရဘူး။ အခု အလုပ်တွေ ဘာလုပ်လုပ် အရှုံးပေါ်နေတဲ့ အချိန် ဘယ်လောက်ထည့်ထည့် ပြန်မပေါ်ဘူး။ ဒီအချိန်မှာ ထပ်ထည့်ဖို့ ကိုရပ်ထားပြီး ထည့်ပြီးတာကို မပျောက်ပျက်အောင် ထိန်းထားနိုင်ရမယ်။ အလုပ်ဆိုတာ လုပ်နေတဲ့ သူမှ သိတာမ ဟုတ်ဘူး ကြာဖြူ။ အလုပ်ရှင်နဲ့ အလုပ်သမား နှစ်ရပ်မှာ တကယ် လုပ်ကိုင်ပင်ပန်းနေတာက အလုပ်သမားပဲ။ မင်းပြောသလိုဆိုရင် လက်ညှိုးထိုးခိုင်းနေတဲ့ သူဌေးက အလုပ်သမားလောက် မသိနားမလည်ဘူးပေါ့”

ကြာဖြူ မျက်နှာနီမြန်းမြန်းနှင့် အရောင်ရင့်လာသည် ။ ဒေါ်ပန်းသီကတော့ အလွန် တည်ငြိမ်သည့် လေသံနှင့်ပြောရင်း ဒရင်းဘတ်ဒ်မှာ သာသာလေး ပြန်လှဲသည် ။

“အလုပ်လုပ်တာဟာ တကယ်တော့ လက်က မဟုတ်ဘူး ကြာဖြူ။ ခေါင်းက လုပ်တာ။ ခေါင်းမကောင်းရင် ဒီလက်က ဘာလုပ်လုပ် ဘာမှ မဖြစ်နိုင်ဘူး။ ငါ အိပ်ရာထဲ လဲနေပေမယ့် ငါ ဦးစီး လုပ်ဆောင်ခဲ့တဲ့ ဒီအ

လုပ်တွေကို ဘယ်အချိန်မှာ ဘယ်လို၊ ဘယ်ရာသီမှာ ဘာကြောင့် ဆိုတာ တော့ နားလည်သေးတယ်”

“အမေကလည်း ကျွန်မက ထိခိုက်ပြောတာ မဟုတ်ပါဘူး။ အမေ့ သား ပြောတဲ့ အတိုင်း ပြောပြတာ။ သူကတော့ အလုပ်ကို အရမ်းလုပ်ချ င်ပြီး ငွေမရှိလို့ မချင့်မရဲဖြစ်နေတာလေ”

ပြောနေသည့် မျက်လုံးတို့ က ဂဏ္ဍာမငြိမ်ဘဲ မူးဆီကို ဝေ့သွားလိုက်၊ ဒေါ်ပန်းသီဆီကို ကြည့်လိုက်။

“သူကတော့ သူ့အမေက မယုံကြည်လို့ သူ့ကို ငွေကိုင်မခိုင်းတာလို့ ပြောတာပဲ”

ဒေါ်ပန်းသီမျက်နှာက အိုစာသွား၏။

ကြာဖြူက ‘အမေ့သား’ လို့ ခေါင်းစဉ်တပ်ပြီး သူမ ပြောချင်သမျှကို ဒီ လိုပဲ လာလာပြော တတ်သူပါ။

တကယ်တော့ သားအမိကြားထဲမှာ သွေးထိုးနေတာဖြစ်ကာ ပြောသ မျှစကားတွေက သူမ ပြောချင်တာတွေပဲ ဖြစ်သည် ။

“မဟုတ်ပါဘူးကွယ်။ အခု ငါပြောနေတာတွေက ဘယ်သူ့ငွေ၊ ဘယ် သူ့စီးပွားရေးရယ်လို့ ဘာမှ မပါဘူး”

“မပါပေမယ့် ကျွန်မတို့ လင်မယားက ဒီအိမ်မှာ မျက်နှာငယ်ရတဲ့ သူ တွေပါ အမေရယ်။ ကိုမောင်ပြောတာလည်း မမှားတော့ မမှားပါဘူး”

“ဘာဖြစ်လို့ မမှားရမှာ လဲ ကြာဖြူ။ အဲဒါကိုက မှားနေတာ။ မောင် မောင့်ကို ဒီက စီးပွားအားလုံး ဦးဆောင်ဖို့ ငါ ခွင့်ပြုထားတာပဲ။ ဒီအိမ်မှာ က လူတွေ ဘယ်လောက်ရှိနေလို့ လဲ။ ငါ သားသုံးယောက်မွေး ခဲ့တာ အမည်ပဲရှိတယ်။ လက်ရှိ သူတစ်ယောက်ပဲ ရှိတော့တာမဟုတ်

လား”

“ဒါပေမဲ့ ပေးတာယူ၊ ကျွေးတာစားဘဝပါပဲ အမေ”

“အေး... ဟုတ်တယ်။ အဲဒါကကော ဘယ်သူ့ကြောင့်လဲ။ သားသုံးယောက်ကို အမွေ အတွက်ကျ ငါ ပေးခဲ့ပြီးသား။ ငါ မသေသေးလို့ ငါ့အတွက် အိုစာမင်းစာ ချန်ထားတာလေး ကိုလည်း အခု ဝိုင်းလုပ်ဝိုင်းစား အားလုံးအတွက် ငါ ချပေးခဲ့တာပဲ”

“ဝိုင်းလုပ်ဝိုင်းစား မပြောပါနဲ့ အမေ။ အမေက လူမမာ။ မူးက မိန်းကလေး။ အငယ်ကောင်ရဲ့ မိန်းမက တခြားနေတယ်။ စရိတ်ကတော့ ထောက်နေရတာပဲ။ ဒီထဲမှာ ကိုမောင်တစ်ယောက်ပဲ ပြေးလွှားရှာဖွေနေရတာပါ”

ကြာဖြူက ပြောနေရင်းနှင့် ထရပ်လိုက်သည် ။ လက်သီးနှစ်ဖက် ဆုပ်ထား၏။ အလွန် ပြောချင်လျက် မျိုသိပ်ထားခဲ့ရသည့် အသံနှင့် ကြာဖြူ့မျက်နှာကလည်း နီရဲလာ၏။

လူကြီးရှေ့မှာ ဒီလိုပုံစံ၊ လေသံနှင့် ပြောဆိုတုံ့ပြန်ခြင်းဟာ အလွန်ရိုင်းစိုင်းသည့် အပြုအမူ မှန်း မသိတာလား၊ ဂရုမစိုက်တာလား။

“ကိုမောင်ကလည်း သူ မိုက်ခဲ့တာကို သူသိလို့ အခု ကြိုးစားရှာပါတယ်။ မသိချင်ယောင်၊ မမြင် ချင်ယောင်ဆောင်ပြီး...”

“ဘွားကို ဒေါ်လေး အဲဒီလို မပြောပါနဲ့ ”

“မူး...”

မူး ဝင်ပါလာတော့ ရင်ထဲမှာ ရှိနေသည့် ကြာဖြူက တင်းတင်းမာမာ ထအော်သည် ။

"ညည်း ဘာမှ ဝင်ပြောစရာမလိုဘူး။ ကလေးက ကလေးလိုနေ"

"မြေး ဝင်မပါနဲ့ "

ဒေါ်ပန်းသီ မြေးဖြစ်သူကို ဟန့်တားလိုက်သည် ။

'ပန်းမြတ်စံအိမ်' မှာ အကြီးနဲ့ အငယ် အသက်အရွယ်သာ မကဘဲ ဆွေမျိုးတော်စပ်မှုကြောင့် ဝါကြီးတာ၊ ဝါငယ်တာကအစ အကြီးကို ငယ်တဲ့ သူက မလေးမစား ဝေဖန်လက်ညှိုးထိုးတာမျိုး မဖြစ်စေရ။

လက်ရှိမှာ ကြာဖြူမွေးထားသည့် စတုတ္ထတန်းကျောင်းသူ သမီးလေး မြင့်မြတ်မှ လွဲလျှင် ဒီအိမ်မှာ မူးက အငယ်ဆုံး။ ဦးလေးဖြစ်သူ၏ ဇနီးဟာ အဒေါ်ပဲဖြစ်သည် ။

ထို့ကြောင့် မလေးစား၊ မဖွယ်ရာစွာ ပြောဆိုတာမျိုး မဖြစ်ရအောင် တားဆီးလိုက်ရသည် ။

မူးက နှုတ်ခမ်းလေးကို ခပ်ဖိဖိပြန်ပိတ်ကာ မျက်နှာလွှဲနေလိုက်၏။

"ကဲ ကြာဖြူ... အခု အဓိကအကြောင်းကို ပြောစမ်း။ ကျန်တာတွေ ထားလိုက်"

ကြာဖြူက ဒေါ်ပန်းသီကို ပြန်ကြည့်ပြီး ပင့်သက်ရှိုက်၏။ မချိတရိ မျိုသိပ်လိုက်ရသည့် ပုံစံမျိုး။

"အဓိကအကြောင်းတွေချည်းပါပဲ အမေ။ အမေ့ကို ခုလို အေးအေးဆေးဆေး တွေ့ရဖို့ က လွယ်တာ မဟုတ်ဘူး ။ ခြံကိစ္စလည်း အရေးကြီးသလို ကိုမောင်နဲ့ ကျွန်မ..."

"နေဦး... ခဏနေဦး ကြာဖြူ"

ဒေါ်ပန်းသီက လက်ကာလိုက်ပြီး လှဲနေရာကနေ

မတ်မတ်ပြင်ထိုင်ပြန်သည် ။

"ငါ ကျန်းမာရေးမကောင်းတာ မဟုတ်ဘူး ။ ငုတ်တုတ်ထိုင်နေတာ မြင်နေတာနဲ့ ပဲ ပြောချင် တာတွေ ပြောဖို့ တော့ ငါ ခွင့်မပြုနိုင်ဘူး။ မပြောပေမယ့်လည်း သိတန်သလောက်တော့ ငါ သိတယ်။ စိတ်ညစ်စရာတွေ၊ သောကတွေဆိုရင် မပြောပါနဲ့ "

"ပြီးတာပါပဲ။ မပြောတော့ပါဘူး။ ကျွန်မ ဘာပြောပြော ကိုယ်ပဲ အလွန်ဖြစ်မှာ ကိုသိလို့ တော်ရုံကိစ္စလောက်ကို ပြီးတန်ပြီးသွားအောင် ပြောပြချင်တာ။ မပြောနဲ့ ဆို မပြောရုံပဲပေါ့"

ကြာဖြူတို့ ချည်ပြီးတုပ်ပြီး ပြောသွားပြီမှန်း ဒေါ်ပန်းသီ သိလိုက်သည် ။

ထိုစကားတစ်ခွန်းနှင့် ခံကာ နောက်ဆက်တွဲ ဘာပြဿနာပဲရှိရှိ မဆင်မခြင် ပြောဆိုပေါက် ကွဲခွင့် ရသွားပြီ ဖြစ်၏။

မူးကိုပဲ ရန်လိုသည့် မျက်လုံးများ နှင့် ထပ်ကြည့်ပြီး ဒေါ်ပန်းသီဘက် ပြန်လှည့်၏။

"ခြံက နှစ်ခြံလုံးကို ဘယ်ခြံဖြစ်ဖြစ် ရောင်းပန်းသိပ်မလှတော့ ဝယ်မယ့်သူက ဆစ်မှာ ပဲ။ ကိုမောင်က မျက်နှာစာခြံကြီးကို ရောင်းချင်တာ။ ပြောလိုက်တော့ ဝယ်မယ့်သူကလည်း အဲဒီခြံဆိုရင် တစ်ပြားမှ မဆစ်ဘဲ ယူမယ်တဲ့ ။ သူတို့ က ခြံလုပ်ငန်းကို ဆက်လုပ်ချင် လုပ်မှာ လေ။ နေရာက တောင်ကြောပြေပြေမှာ ကားလမ်းတွေကို မျက်နှာပြုထားတာဆိုတော့ ဘန်ဂလိုဖြစ်ဖြစ် ဘာဖြစ်ဖြစ် စီးပွားရေးတစ်ခုခု လုပ်ချင်တယ်တဲ့ "

ဒေါ်ပန်းသီ မျက်နှာတင်းနေသော်လည်း ဘာမှ ဝင်မပြောဘဲ နား

ထောင်နေခဲ့သည် ။

"ကိုမောင်ကတော့ ရန်ကုန်ကိုဆင်းပြီး ခုခေတ်စီးပွားရေးဈေးကွက်အရ ကုမ္ပဏီလုပ်ငန်း တစ်ခုခု ထူထောင်ချင်နေတာ။ အဲဒီခြံကို ရောင်းပစ်လိုက်ရင် လိုနေတဲ့ ငွေ ပြည့်သွားမယ်။ ဘာပဲဖြစ် ဖြစ် ငွေတစ်ဝက်တော့ ယူထားလိုက်တယ်။ အမေက ဒီခြံကြီးကို မရောင်းနိုင်ဘူး ဆိုရင်တော့ ဟိုနှစ်ခြံ ထဲက တစ်ခြံပေါ့။ ငွေကတော့ ထပ်မရတော့ဘူး"

"နေပါဦး ကြာဖြူ။ ခြံရောင်းဖို့ ကိစ္စက ငါ့ကို လာတိုင်ပင်တာလား၊ အသိပေးတာလား"

"တိုင်ပင်တာပါ။ အမေ သဘောမတူဘဲနဲ့ ကျွန်မတို့ လုပ်လို့ မှ မရဘဲ"

ကြာဖြူ မျက်ဝန်းနှင့် နှုတ်ခမ်းအစုံက တမင်တကာ ထေ့ငေါ့ပြောနေမှန်း သိသာလှသည် ။

"အမေက လူမမာဘဝနဲ့ အိမ်ကြီးထဲမှာ ပဲ နေပေမယ့် 'ပန်းမြတ်စံအိမ်' မှာ အမေ့ တစ်သြဇာ တစ်အာဏာပါပဲ။ အားလုံး အမေ့ပစ္စည်း၊ အမေ့လက်ထဲမှာ ပဲဥစ္စာ"

"အေး... အဲဒါက ငါလည်း ပိုင်တာ မဟုတ်ဘူး ။ အငယ်ကောင်က သူ့တူမကို သူ့အတွက် အားလုံးပေးခဲ့တာ။ သူ့မိဘရဲ့ အမွေကိုကော။ ဒါတွေကို မူး အိမ်ထောင်မပြုမချင်း ပေးလို့ မရသေးလို့ မပေးသေးတာ။ ငါ ပိုင်တာ ငါ့ပစ္စည်းကို မင်းတို့ ဘာလုပ်ချင်လုပ်ချင်၊ ဘာပဲ ရင်းနှီးရင်းနှီး ထုတ်ပေးခဲ့တာပဲ။ အခု ဘာမှ မရှိတော့လို့ ရှိတဲ့ ခြံတွေ ရောင်းချင်ရောင်းလိုက်တော့လို့ ခွင့်ပြုခဲ့ပြီးပြီ။ စကားပြောတာဆိုတာ ဆင်ခြင်စမ်း ကြာဖြူ။ ကိုယ် ရသင့်တာကိုကျတော့ ပျော်ပျော်ကြီး သုံးပစ်ခဲ့ ကြပြီး..."

“ မဟုတ်ဘူး လေ အမေ။ ကြာဖြူနဲ့ လက်ထပ်မှ ဘာများ ရှိတော့လို့လဲ။ အမေ့သားက ဟိုအိမ်ထောင်နဲ့ ကတည်းက သူ့အမွေကို သူ သုံးဖြုန်းပစ်ခဲ့တာ”

“အဲဒါကတော့ မင်းရဲ့ ကုသိုလ်ပဲ ကြာဖြူ။ မိန်းမတစ်ယောက်ရရင် အမွေတစ်ခါပေးနိုင်အောင် အစကတည်းက အမွေကို ငါက တစ်ကန့်စီ ထုတ်နုတ်ပေးခဲ့တာ မဟုတ်ဘူး ”

“ဒါလည်း မှန်ပါတယ်။ ဒါပေမဲ့ သားသမီးထွန်းကားတာက ကျွန်မနဲ့ ကျမှ ထွန်းကား ခဲ့တာ။ ဒါလည်း ပန်းမြတ်စံအိမ်က မျိုးဆက်ပါပဲ။ မူးတစ်ယောက်ပဲ မျိုးဆက်လိုလိုဖြစ်ပြီး ကျွန်မကလေး က ဒီအိမ်မှာ ဘာမှ အရာမဝင်ဘူး”

ဒေါ်ပန်းသီ ဒေါသစိတ်တွေဖြစ်ကာ ရင်တွေပါ တုန်လာသည် ။ ဘာမှလည်း မရှင်းချင်၊ ပြောလည်း ပြောမနေချင်တော့ပေ။

ကိုယ်မှာ ချွေးတွေစို့တက်လာတာနှင့် မူးဝေလာ၏။

“ဘွား”

မူးက ဘွားမျက်နှာ ပြောင်းလဲသွားတာကို သိသောကြောင့် ချက်ချင်း ပြေးသွား၏။

ဒါကို ကြာဖြူက တစ်ဖက်လှည့်ပြီး မဲ့သည် ။

ပြီးတော့ နောက်အသာဆုတ်ကာ ဒေါ်ပန်းသီကို ပြုစုပေးနေသည့် မြင်ကွင်းကို လက်ပိုက် ကြည့်နေပြီး…

“သူဌေးဦးမျိုးကိုကလည်း လောနေပြီ အမေ။ မူးနဲ့ သူ့ရဲ့ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ချင် တယ်တဲ့ ”

"ကြာဖြူ… မင်း… မင်း ခဏထွက်သွားပေးပါကွယ်။ ငါ ဘာမှ ပြောချင်စိတ် မရှိတော့လို့ ပါ။ သွားပါ"

ကြာဖြူ ဘယ်မျက်နှာနှင့် ဘယ်လိုပုံစံ ဖြစ်သွားပြီကို မမြင်ရပေမယ့် သိသည် ။ ဒါပေမဲ့ ဒေါ်ပန်းသီ ဘယ်လိုမှ သည်းမခံနိုင်တော့ပေ။ ကြာဖြူ ဟာ မောင်မောင့်ကို သူဌေးပဲ ဆိုပြီး လက်ထပ်ခဲ့ပြီးမှ သူမ ထင်သလို မဟုတ်ခဲ့သဖြင့် မတော်လောဘတွေ တက်သည် ။

အရွဲ့တိုက်ပြီး ထင်သလိုသုံး၏ ဒါကို ကြည့်ထိန်းပါဦးလို့ သားဖြစ်သူကို ပြောတော့ မောင်မောင် ကလည်း မချေမငံ။

"ကြာဖြူက သနားစရာပါ မေမေ။ အသက်ငယ်ငယ် လှလှလေးနဲ့ တစ်ခုလပ် အသက် ကြီးကြီး ကျွန်တော့်ကို လက်ထပ်ခဲ့တာ။ လက်ထပ်ပြီးတော့လည်း ဒီအိမ်ကြီးထဲရောက် လာပြီး ဘယ်ကိုမှ မသွားရ မလာရ၊ မပျော်ရ မရွှင်ရနဲ့ နေရတယ်။ ကျွန်တော်က သူ့ကို ဘာမှ ပြည့်စုံအောင် မပေးနိုင်ဘူး။ သုံးစွဲ ဝတ်စားတာလောက်ကို မေမေ ဘာမှ မပြောပါနဲ့တော့။ သုံးပါစေ။ သူ့ကို ကျွန်တော့်အမွေ ဘာမှ မပေးနိုင်တော့ပေမယ့် သူသုံးဖို့ ကျွန်တော် ရှာမယ်"

ပြောတော့ လွယ်လွယ်လေးပါ။

တော်တော် အားကိုးချင်စရာကောင်းသည့် ခင်ပွန်းတစ်ယောက်လို့လည်း ထင်စရာရှိသည် ။

တကယ်တမ်းကျတော့ မိန်းမကို ကြိုက်သလိုသုံးခိုင်းနေတာက သူကိုင်တွယ်လုပ်ကိုင် နေသည့် လုပ်ငန်းတွေထဲကပဲ ဖြစ်၏။

အလုပ်တွေ ဘာလုပ်လုပ် အရှုံးချည်းပဲဖြစ်နေကာ ရှုံးနေတာကိုလည်း မဆင်ခြင်။

"အလုပ်အကိုင် မကောင်းနေတာကို ပြောပြပြီး နည်းနည်းပါးပါး ဆင်ခြင်ခိုင်းပေါ့ သားရယ်"

လို့ ပြောတော့လည်း မကြိုက်။

"ကျွန်တော်က သူ့ထက် အများကြီး ပိုပြီးအသက်ကြီးတယ် မေမေ။ သူ့အတွက် ဒါလောက် လေးတောင်မှ လုပ်မပေးနိုင်ရင် ကျွန်တော့်ကို သူ ဘယ်လိုလုပ် အားကိုးချင်စိတ် ရှိတော့မှာ လဲ။ ငါ့ယောက်ျားက ဒီအိမ်မှ ဘာမှ လည်း မဟုတ်ပါလားလို့ တွေးပြီး ကျွန်တော့်ကို အထင်အမြင် သေးသွားရင် ဘာတွေဖြစ်လာမလဲ"

ကြာဖြူ သူ့ကိုထားပြီး စိတ်ပျက်ထွက်ပြေးမှာ ကို ဦးလှမြင့်မောင်က အသေအလဲ ကြောက်နေ ၏။ ထို့ကြောင့် ကြိုက်သလိုနေ၊ ကြိုက်သလို သုံးစမ်း။ ဒီထဲမှာ လူးလိမ့်ခံနေရသူက ဒေါ်ပန်းသီပဲ ဖြစ်သည် ။

နောက်ဆုံး ဒေါ်ပန်းသီက သား စိတ်ဆင်းရဲမှာ စိုးသဖြင့် ဘာမှ မပြောခဲ့တော့ပါ။

ခုကျတော့လည်း အလုပ်တွေလုပ်ရင်း နစ်ရင်းနှင့် ကြွေးသံသရာလည်ကာ ကိုယ့်တူမကို ပိုးကြေးပန်းကြေးနှင့် ငါးစာချသမျှ သိသိနှင့် အကုန်ယူသည် ။

ပြီးတော့ ဒေါ်ပန်းသီကို ပြန်လှည့်ပြော၏။

'မူးကို ဟိုသူဌေးက လက်ထပ်ချင်လို့ '၊ 'ဘယ်သူဌေးက ဘယ်လို တောင်းချင်လို့ ' စသဖြင့်…

အစကတော့ ပြောပြောနေတာကို ဂရုမစိုက်စွာ နေခဲ့သည် ။

နောက်ကျမှ ဘယ်လိုမှ ဒီတိုင်းနေလို့ မရတော့တာကို သိလာခဲ့၏။

ဦးလှမြင့်မောင်က စကားတွေ ကတိတွေ လွန်ကျွံသွားခဲ့ပြီဟု နားပူလာတော့မှ ...

"ဘယ်လိုပြောတယ် မောင်မောင်။ ငါ့မြေးလေးကို... ဟုတ်လား။ ဒီလောက် အသက်ကြီးကြီး မုဆိုးဖိုနဲ့ မင်းမို့လို့ ကွယ်"

"အသက်ကြီးပေမယ့် ဦးမျိုးကိုက ခန့်ချောကြီးပါ မေမေ။ ပြီးတော့ မူး ရမယ့် အမွေလောက် ကို သူက ဂရုစိုက်စရာမလိုတဲ့ သူပါ။ မိုးကုတ်မှာ လည်း တကယ့် ကျောက်တွင်းသူဌေး။ ဒီဘက်မှာ လည်း သစ်သီးခြံမှန်သမျှ ကျွန်တော်တို့ ခြံမဟုတ်တာ အားလုံး သူပိုင်တွေလိုလိုပဲ"

ဒီလိုပြောရင်းနှင့် ဆက်သိလာရသည် က မူးကိုသာ လက်ထပ်ခွင့်ရလျှင် မူးရမည့် အမွေအား လုံးကို မယူဘဲ ဦးလှမြင့်မောင်တို့ လင်မယားအတွက် ပြန်လွှဲပေးမည်ဟု ဆိုသေးသည် တဲ့ ။ ထို့ကြောင့် ဟိုဘက်ကိုလည်း ကတိတွေ ပေးထားခဲ့သည် ။

ဒီဘက်မှာ လည်း တူမကို ခြိမ်းခြောက်လိုက်၊ အမေကို စကားနာထိုးလိုက်...။

ခုချိန်မှာ ဒေါ်ပန်းသီအတွက် တစ်ဖက်မှာ သား၊ တစ်ဖက်မှာ ကျတော့ မြေးလေး ဖြစ်နေသည် ။

"မြေး"

"ရှင်... အဘွား"

"ကြားလား... ပြောသွားတာ။ ကြားတယ်မဟုတ်လား"

"ဟုတ်"

ဘွား မျက်ရည်လည်နေတာကို ကြည့်၍ မူးရင်ထဲမှာ လှိုက်လှဲဆို့နင့်

သွား၏။ မျက်ရည်မလွယ် တတ်သည့်မျက်နှာမှာ စိုစွတ်လာခဲ့သည် ။

"တံခါး သွားပြန်ပိတ်"

ဟု ခိုင်းသဖြင့် တံခါးပိတ်လိုက်ရသေးသည် ။ သူမ ပြန်ထိုင်လိုက်ပြီးမှ ဘွားက မျက်မှန်ကို ပင့်၍ မျက်ရည်တို့ တို့ သုတ်ကာ...

"မောင်မောင်လုပ်ပုံက သူ သုံးဖြုန်းဖို့ အတွက် မြေးရဲ့ အမွေတွေကို ချပေးရင်ပေး၊ မပေးဘူးဆိုရင် သူ့ငွေဦးမျိုးကို.......................... စီမံနေတာ"

"ဒါဆိုလည်း ဦးဦးမောင် လိုချင်တာကို ပေးလိုက်.............. မူးက ..."

"ဘာပြောတယ်၊ အမယ်လေး မြေး အဲဒီစကား.......... သွားမပြောနဲ့ ၊ ဘွား ဘယ်လိုမှ ကာကွယ်ပေးလို့ ရမှာ မဟုတ်ဘူး ......... နားလည်လား။ မိဘအမွေအနှစ် မရှိဘဲ မြေးက........... မှာ လဲ။ မဟုတ်တာကို မာနမကြီးနဲ့ မြေး၊ မြေးကို ................... ပုံဆိုးပန်းဆိုးနဲ့ လည်း မပေးစားနိုင်ဘူး။ ကလေကချေ............... တွေနဲ့ လည်း အဖြစ်မခံနိုင်ဘူး။ မြေး ရန်ကုန်ကို သွားပါ။ .............. နာခံပါကွယ် နော်"

"ဘွားရယ်... မူးဘာသာ ဘာအခက်အခဲပဲရှိရှိ ................. လက်မထပ်နိုင်ပါဘူးလို့ ငြင်းလိုက်ပြီးမှ ..."

"ငြင်းတာကို မြေး မေ့ထားလိုက်ပါ။ စိုင်းတို့ ညီအစ်ကိုကို................ တိုင် ဆက်သွယ်မယ်။ ဘာမှ သိက္ခာကျဖို့ မရှိဘူး မြေး။ ဘွားတို့ ....................... အဆင့်အတန်းဆိုတာ ဒီမိသားစုတွေ အသိဆုံးပဲ"

ဘယ်လိုမှ ပြောမရတော့ဘူးဆိုတာကို သိလိုက်သော............... မူးမျက်နှာလေး ညိုမှောင်သွား၏။

မျက်လုံးထဲမှာ ဦးသောကြာ၏ လက်ရေးနှင့် စာလုံးတွေကို.........
... မြင်ယောင်နေသည် ။

ခိုင်းထားတဲ့ ကိစ္စ မအောင်မြင်ပါ။

ခမ်းနားက လက်မခံနိုင်ပါဟု ငြင်းပါသည် ။

..................နာကြည်းခြင်းတွေ အစားထိုးဝင်ရောက်လာခဲ့......
........ အစစအရာရာ အဆင်ပြေသွားရအောင် စီစဉ်ကာ.........

........................ တာတွေထဲကနေ မူးကို လွတ်စေချင်သည် ။
အမွေ.......... ဘာမှ မထိခိုက်ရအောင်၊ ပြီးတော့ ကလေးတွေ..........
လက်ထပ်ပေးကြဖို့ က လူကြီးချင်း အခိုင်အမာ..........

.............

.............

.............

............ သံက အားရဝမ်းသာ တက်ကြွလျက်ရှိ၏။ မူးက ဘွားကို
............ စိတ်ထဲရှိတဲ့ အတိုင်း ဆက်ပြောလိုက်၏။

.......... တစ်ချက်က သူ့မှာ ချစ်သူ၊ ဒါမှ မဟုတ် သူကိုယ်တိုင်က...
.......... နေတဲ့ မိန်းမ ရှိနေတာဆိုရင် မူး လုံးဝ ရှေ့မတိုးဘဲ ပြန်လာ...
.......

........... အင်းပေါ့လေ။ အဲဒီလိုကြီး ဖြစ်နေရင်တော့ ဘွား မတိုက်
တွန်းချင်တော့ပါဘူး”

သို့သော် မကွဲပြားသော မျက်ဝန်းတွေနှင့်ပဲ မြေးဖြစ်သူကို ပြန်ငဲ့နေမိ
၏။

…… ကွဲပြားပီပြင်စွာ မြင်နေရတုန်းကတည်းက သိပ်လှတဲ့ မြေးမလေးကို ဒေါပန်းသီ အရိပ်တကြည့်ကြည့် မြတ်နိုးမဝစွာ ချစ်ခဲ့ရတာပါ။

ထို့ပြင် အပျိုပေါက်ကလေး ဖြစ် လာပြီဆိုကတည်းက လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တဲ့ မြေးလေး။

သားရှင်တိုင်းပဲ လက်ခံစုံမက်လာချင်လောက်အောင် ကျက်သရေရှိ လွန်းတဲ့ အလှပိုင်ရှင်။

မြေးလေးကို ဒီကလေး မမြင်ဖူးလို့ ပါ။ ဒါပေမဲ့ သောကြာနဲ့ ဓါတ်ပုံ ထည့်ပေးလိုက်တာပဲ။ ဟိုတွေးဒီတွေးနှင့် စိတ်ထဲမှာ ကြည်တော့မကြည် လင်ပေ။

သို့သော် ဒီနေရာ ဒီပတ်ဝန်းကျင်မှာ တော့ အမွေတွေက တစ်ဖက်၊ မောင်မောင်တို့ လင် မယားက တစ်မျိုးနှင့် မူးအတွက် မလုံခြုံတော့တာ သေချာသည် ။

နောက်ဆုံး ဖြစ်နိုင်သမျှအထိတော့ ကြိုးစားကြည့်ချင်သည် ။

“ဆက်ပြောလေ မြေး။ နောက် ဒုတိယအချက်ကကော ဘာလဲ”

“အဲဒီလို ရှေ့တိုးနောက်ဆုတ် ဆုံးဖြတ်သာအောင် ဘွားက သူတို့ ဆီကို ဘာမှ အသိမပေး ပါနဲ့ ”

“ဟင်…”

“မူးဘာသာ သွားမယ်လေ။ ဟိုမှာ ဘဘကြာ ရှိနေတာပဲ။ ဘဘကြာနဲ့ အရင်ဆုံမယ်။ ဘာလုပ်သင့် တယ်၊ ဘယ်လိုအခြေအနေဆိုတာကို တိုင်ပင်မယ်”

“အို… မြေးရယ်… ရန်ကုန်မြို့ကြီးကို သွားပြီး ဟိုမရောက် ဒီမရော

က်နဲ့ ဘာတွေ လှုပ်ရှားဦးမှာ လဲ”

ဒေါ်ပန်းသီ ကိုယ့်မြေး အချောအလှလေးကို ဘယ်လိုမှ စိတ်မချပါ။ သို့သော် မူးကလည်း တခြားနည်းနဲ့ ဘယ်လိုမှ ပြောမရတော့ပေ။

“ဟိုမှာ လေးလေးဆက်ရဲ့ မိန်းမလည်း ရှိတာပဲ ဘွားရယ်။ ပြီးတော့ မူးက ကလေးမှ မဟုတ် တာ။ ဘွား ဘာမှ စိတ်မပူပါနဲ့ ”

“မပူလို့ ရမလား မြေးရယ်။ ဘွားက တစ်ယောက်တည်းလည်း အပေါ်ထပ်၊ အောက်ထပ် အလွယ်တကူ ဆင်းနိုင်တာ မဟုတ်ဘူး ။ အရေးရှိလို့ ဖုန်းဆက်ချင်ရင်တောင် မလွယ်ဘူး”

“အဲဒါပဲ ဘွားရယ်။ မူးလည်း ဘွားကို စိတ်မချဘူး”

မြေးအဘွားနှစ်ယောက် သူ့ကိုပူ ကိုယ့်ကိုစိတ်မချနှင့် ထိုပြဿနာမှာ တော်တော်နှင့် မပြေလည်နိုင်ဘဲ ဖြစ်နေခဲ့ကြသည် ။

နောက်ဆုံးကျမှ ...

*

# အခန်း (၂)

"တီ..."

နောက်က ဟွန်းသံကြောင့် အထဲကို သဲမဲကြည့်နေသည့် ကိုယ်က တွန့်ခနဲဖြစ်သွားသည် ။ လှည့်ကြည့်လိုက်တော့ ကိုယ့်မျက်လုံးက ရှာဖွေဖို့ မလိုဘဲ တင်ပါးဘေးနားမှာ ပွတ်ကပ်ရပ်သွားသည့် ကားကြောင့် သူ နောက်တစ်ချက် ခုန်ဆုတ်လိုက်မိပြန်၏။

"သတ္တိကတော့ကွာ..."

ချိုးကျူးသံမဟုတ်မှန်း သိသည် ။ မှန်တစ်ဝက်ချထားသည့် ကားထဲမှ မျက်နှာဖွေးဖွေး တစ်ခုက သူ့ဘက်ကို တိမ်းလာကာ...

"ချာတိတ် မင်း ဘာလာချောင်းနေတာလဲ။ ဒီအိမ်မှာ ထမင်းချက်အဒေါ်ကြီး တစ်ယောက်က လွဲရင် မိန်းကလေး မရှိဘူး"

"ဟင်... အဲ... ဟုတ်။ အဲဒီ ထမင်းချက်အဒေါ်ကြီးကို တွေ့ဖို့ ပါ။ ဒေါ်နော်ထားလေ"

"သြော်..."

ဟု ဆိုပြီး တံခါးမှန်ကို အကုန်ချပစ်လိုက်သည် ။ သူ့တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်၏။ အရပ်မြင့်မြင့်၊ ကိုယ်က နွဲ့နွဲ့နှင့် အသားကတော့ ဖြူနုဝင်းစိုနေသည် ။

ဆံပင်က ခုခေတ်လူငယ်တွေ ပုံအတိုင်းပါပဲ။ ယောကျ်ားမှန်းမသိ၊ မိ

န်းမမှန်းမသိ၊ ဆေးဆိုးထား သလား၊ မဆိုးဘူးလား… ဒါလည်း မသိ။ နီကျင်ကျင် ပျော့ပျော့ပါးပါးလေးကို ဂျင်းဘောင်းဘီရှည် ဖြူခြောက်ခြောက်နှင့် ရှပ်အင်္ကျီလက်ရှည် အပြာကွက်လေးကို ဝတ်ထား၏။ ပခုံးတစ်ဖက်မှာ အင်္ကျီသုံးလေးထည်လောက် ထည့်ထားပုံရသော ကျောပိုးအိတ်အနက်လေးကို ချိတ်လွယ်ထားသဖြင့် မအူမလည် တောသားလေးလိုလို ။

ခရီးဝေးက လာရပုံလည်း ပေါက်နေသည် ။ ထိုစဉ် ခြံတံခါးကြီးက ပွင့်သွားပြီမို့ သူ ကားကို ရှေ့တိုးရုံလေး လှိမ့်ဝင်လိုက်ကာ…

“မင်းက ဒေါ်ထားဧည့်သည် လား၊ ကားပေါ်တက်လေ”

“ဟင်… ဗျာ… သြော်… ရတယ်”

ဘယ်လိုလဲ ချာတိတ်။ လူပုံက ပျော့ဖတ်ဖတ်နှင့် ကြောက်တတ်လိုက်တာလည်း ကားဟွန်း တီး တာတောင် စွေ့ခနဲခုန်ပစ်လိုက်သေးသည် ။

သူ သဘောကျသလို ပြုံးလျက် ချာတိတ်ကို ထားခဲ့ပြီး ဒီတိုင်းပဲ မောင်းဝင်လာခဲ့သည် ။ ကျန်ခဲ့သည့် တစ်ယောက်မှာ လည်း စိတ်လှုပ်ရှားခြင်းများကြောင့် ရင်တွေခုန်လျက် မျက်နှာမှာ ဘယ်လိုအရောင်တွေ တက်နေပြီမသိ။

ခြံထဲကို တစ်လှမ်းချင်းဝင်လာရင်း တုန်ချင်နေသည့် ဒူးနှစ်ဖက်ကို နှိုးစပ်ရာ တုတ်၊ ကျောက်ခဲ တစ်ခုခုနှင့် စိတ်ရှိလက်ရှိ ထုချလိုက်ချင်သည် ။ ဘဘကြာက သေချာ စီစဉ်ပေးပြီးသားပဲ။

“ဒေါ်ထားကို အဘ ပြောပြီးသားပါ။ ရဲရဲသာ ဝင်သွား။ ဒေါ်ထားပြောသလို သမီးက အလိုက်သင့် ပြောရုံပဲ” တဲ့ ။ ပြီးတော့ လေးလေးဆက် မ

ရှိတော့ပေမယ့် ဒေါ်လေးသူဇာကိုယ်တိုင် မူးအပေါ်မှာ ဂရုတစိုက်ရှိခဲ့၏။

"မကြောက်နဲ့ သမီး။ ဆုံးဖြတ်ပြီးရင် ဖြစ်အောင်လုပ်။ သမီးက အရပ်မြင့်ပေမယ့် ကိုယ်လုံးလေးကျတော့ သွယ်သွယ်ပါးပါးလေးရယ်။ ဒီလိုဝတ်လိုက်တော့ တကယ့်ယောကျ်ားလေးပဲ။ စကားပြောရင်သာ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားလေးဆိုတာကို မမေ့ဘဲ ကျားကျားလျားလျား ပြောနိုင်အောင် ကြိုးစား။ ဦးလေးကြောပြောပြလို့ ဒေါ်လေးက ကြားပြီးပြီ ။ မင်းခမ်းနား ဆိုတဲ့ တစ်ယောက်က မိန်းကလေးတွေနဲ့ သာ ဘယ်ဘက်ကမှ အမြီးအမောက် မတည့်တာ။ ယောကျ်ားချင်း ကတော့ ညှာတယ်တဲ့ "

ပြောပြတာတွေကတော့ အများကြီးပါ။ ဒါပေမဲ့ ရှေ့မှာ ဝင်သွားသည့် ကားနက်လေး ရပ်ထားသည့် ပေါ်တီကိုအောက်ကို လှမ်းမြင်လိုက်ရပြီမို့ ဒူးတင်မကဘဲ ရင်တွေပါ လှိုက်ခါ တုန်လာ၏။ ခြံဝနှင့် နှစ်ထပ်တိုက်ကြီးက တော်တော်ဝေးသည် ။ ဒီကြားထဲ ခြေလှမ်းတိုင်းက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည် မို့ မိုင်ပေါင်းများ စွာ လျှောက်လှမ်းနေရသလိုပင်။

ထိုစဉ် ပွင့်လျက်သား ရှိနေသည့် တံခါးဝမှာ ခပ်ဝဝ အမျိုးသမီးကြီး တစ်ဦး ထွက်လာ၏။ ဒါ ဘယ်သူလဲ။ ဒီအိမ်မှာ ဒေါ်ထားတစ်ယောက်ပဲ ရှိတာဆိုတော့ ဒေါ်ထားပဲဖြစ်လိမ့်မည်။

မူး မသိဖူး မမြင်ဖူးသော မိန်းမကြီးကို စိုးရိမ်စိတ်နှင့် ကြည့်နေမိစဉ် မိန်းမကြီးကလည်း မူးကို လှမ်းမြင်ပြီး သုတ်သီးသုတ်ပျာ ထွက် လာလေသည် ။

ခြံဝမှာ မူးကိုတွေ့သွားသဖြင့် ဒေါ်ထားကို ဟိုလူ ပြောလိုက်တာဖြစ်နိုင်သည် ။

"ဟဲ့ နေဦး။ နင်က ပန်း... အဲ... ပန်းယစ်မူး ဆိုတာလေးလား"

စကားက ပီသပေမယ့် နည်းနည်းတော့ အဖျားခတ်ကာ ဝဲနေသည် ။ ဒေါ်ထားကို မူး ခေါင်းညိတ်ပြလိုက်တော့ ဝမ်းသာအားရ ဖြစ်သွားကာ...

"အမယ်လေး... မိန်းကလေးဆိုတာ ကြိုသိထားလို့ သာ။ တကယ့် ယောကျ်ားလေး ပါပဲဟယ်။ လာ လာ... ငါ နင်လာမယ်ဆိုတာ မနေ့က တည်းက သူဌေးလေးကို ပြောပြထားတာ"

ဒေါ်ထားက မူးလက်ကို ဆုပ်ကိုင်ပြောရင်း တိုက်ကြီးဆီကို ဆွဲခေါ်သွားသည် ။

"ဒေါ်လေး... ကျွန်တော်က..."

"ဟဲ... ဒေါ်လေးလို့ မခေါ်နဲ့ "

ရှေ့ကို လွှန်သွားနေရင်း ဒေါ်ထားက နောက်ကိုပြန်လှည့်ကာ လက်ကာပြသည် ။

"အမေထား... အဲ... မေထားလို့ ခေါ် သိလား။ နင်က စကားဝဲမှာ မဟုတ်တော့ နင်နဲ့ ငါ ဘာမှ မတော်ဘူးလို့ ပြောထားတယ်"

"ဟင်... ဒါဆို အခု မူး... အဲ... ကျွန်တော်က မေထားနဲ့ ဘာမှ မတော်ဘဲ ဘယ်လိုပုံစံနဲ့ နေရမှာ လဲ"

"မွေးစားမြေးလေးလေ။ တောမှာ ငါ့သမီးက ကလေးမရလို့ မွေးစားထားတဲ့ ကလေး လို့ ပြောထားတာ"

ဒေါ်ထားက ရှေ့ကို ခြေလှမ်းရင်း နောက်ကို လည်ပင်းလိမ်၍ တတွတ်တွတ် ပြောလာခဲ့၏။

"သူဌေးလေးက စပ်စပ်စုစု ဘာမှ သိပ်မေးမှာ မဟုတ်ပါဘူး။ သူက

မိန်းကလေးတွေကိုပဲ မဆက်ဆံတာ။ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတာတောင်မှ ယောကျ်ားလေးတွေချည်း ထားလို့ ရတဲ့ လုပ်ငန်းမျိုးမှ လုပ်တာ။ ဒီအိမ်မှာ ငါ ထမင်းချက်ခွင့်ရတာတောင်မှ သူဌေးကြီး ညှာတာခဲ့လို့ ”

နှစ်ယောက်သား အိမ်ကြီးပေါ်ကို ရောက်လာခဲ့ကြ၏။

အိမ်ကြီးက အပေါ်မျက်နှာကြက်မှာ လိပ်ခုံးပုံခွက်ခွက် အမြင့်ကြီးပဲထားကာ အပေါ်ထပ်က နောက်ပိုင်းတစ်ဝက်လောက်ပဲ ရှိသည် ။

မျက်နှာစာအပြည့်မှာ ဝရန်တာထုတ်ထားသဖြင့် အိမ်အဝင်ကနေ မော့ကြည့်လိုက်တာနှင့် စတီးလုံးကြီးတွေ ဖိတ်ဖိတ်လက်ကာ အိမ်ကြီးက နန်းတော်ကြီးလို ဖြစ်ဖြစ်နေ၏။

ပါကေးကြမ်းပြင်မှာ လူက အရိပ်ထင်နေသဖြင့် နင်းရက်ဖွယ် မရှိပေ။ ဧည့်ခန်းမှာ ဆိုဖာတပ်သည့် ကျွန်းဆက်တီ ကုလားထိုင်ကြီးတွေက လှပခံ့ညားစွာ ရှိနေသည် ။ ခေါင်းရင်းဘက် တစ်ခြမ်းလုံးမှာ တော့ အလွန်ရှားပါးသည့် နှင်းဆီနက်မျိုး ပန်းအိုးတွေနှင့် ကြီးမားလွန်းသည့် ငါးမွေးကန်ကြီးတစ်ကန်လည်း ရှိ၏။

ကန်ကို ကျောက်ဖြူသားတစ်ဝက်ပေါ်မှာ မှ မှန်တပ်ထားသဖြင့် ကြည့်လို့ မရိုးအောင် လှသည် ။ ပြီးတော့ သူများ တွေ အလှမွေးကြသည့် ရောင်စုံငါးတွေ ထည့်ထားတာမဟုတ်ဘဲ သစ်တုံးကြီးလိုလို၊ မိကျောင်းလိုလို ဘာမှန်းမသိသော သတ္တဝါကြီးနှစ်ကောင်က စင်းစင်းကြီးတွေ ငြိမ်နေကြ၏။

“မူးအောင်”

“ဟင်”

ငေးနေတုန်း ခေါ်လိုက်သဖြင့် မူး လန့်သွားသည် ။ ဒေါ်ထားက တိုးတိုးပြောရန် လက်ညှိုးနှင့် နှုတ်ခမ်းမှာ ကပ်ပြကာ...

"နင့်နာမည် မူးအောင်နော်။ သောကြာ ပြောလိုက်လား"

"ဟုတ်ကဲ့... ပြောလိုက်ပါတယ်"

ဒေါ်ထားက ခေါင်းညိတ်၍ ငါးကန်ဘက်ကိုပဲ စိတ်ဝင်စားနေသည့် မူးလက်ကို ဒီဘက်လှည့် ဖြစ်လာသည် အထိ ဆွဲယူလိုက်သည် ။

"မိန်းကလေး ပီသချင်တာတွေ ဖျောက်ရမယ်။ အဲဒီလို စိတ်ဝင်စားတိုင်း မငေးရဘူး။ လှတိုင်း မကြည့်ရဘူး။ တော်ကြာ သူဌေးလေး ထမင်းစားခန်းထဲ ဝင်လာတော့မှာ ။ နင့်ကိုမေးရင် ငါ ခေါ်ထုတ်ရမှာ သိလား။ သူဌေးလေးရှေ့ကျမှ အိုးနင်းခွက်နင်း မဖြစ်ရအောင် နင့်ကို ပြောပြထားဖို့ တွေ ရှိသေးတယ်။ လာ... ဒီဘက်ကို"

မူး အကြောက်တော့ နည်းနည်းပြေသွားပါပြီ။ ဒေါ်ထားဆိုတာက သူမ ထင်ထားတာထက် ပို၍ သဘောကောင်း ချက်ချာနေသဖြင့် ရှေ့လျှောက် အလိမ်မပေါ်ဖို့ ကို အထူးကြိုးစားနေရမှာ တော့ မဟုတ်။ အားလုံးကို ကျေးဇူးတင်ရင်း ဝမ်းသာရင်းဖြင့် မူးသည် မင်းခမ်းနား ဆိုသော ယောကျ်ားထံမှာ ...။

*

# အခန်း (၃)

"ဒုန်း"

တံခါးကို အပြင်ကနေ ထုလိုက်သံကြောင့် ကိုယ်မှာ ရေသုတ်နေရင်းနှင့် မူး တုန်ခနဲ ဖြစ်သွားသည် ။

"အထဲမှာ လူရှိနေလား"

"ဗျာ... ဟုတ်ကဲ့"

အသံက တိတ်ကျသွားသည် ။

"မြန်မြန်လုပ်ကွာ"

ပြန်ထွက်သွားပြီလို့ သိလိုက်၏။ သို့သော် မူး ရင်တွေခုန်ကျန်ခဲ့တာက မာကျောသည့် တစ်စုံတစ်ရာချင်း ထိခတ်နေသလို တံတွေးမျိုချလည်း မပြေ၊ ရင်ဘတ်ဖိထားလည်း မရ။

ဒီလူ့အသံကြားတိုင်း ထိတ်လန့်ရပါများ လွန်းလို့ နဂိုကသာ နှလုံးရောဂါ အခံရှိထားခဲ့ပါလျှင် သေပြီ။ ရှက်နေ ကြောက်နေတာ မဟုတ်ပါ။ ပထမဆုံး မူး စွန့်စားခဲ့ရသည် က တစ်သက်လုံး သိမ်မွေ့ နာခံတတ်ခဲ့သော မိန်းကလေးအဖြစ်ကနေ ယောကျ်ားလေးလို ပြင်ထားခဲ့ရသည် ။

ခေတ်မီနည်းပညာများ ဖြင့် မျက်ခုံးကို နည်းနည်းထူအောင် ဖန်တီးထားသည် ။ နှုတ်ခမ်းမွေး နေရာတွေမှာ နက်ကြောကြော စိမ်းမြမြလေး လုပ်ထား၏။

ပြင်ဆင်ပေးသူက ‘ဘာမှ မဖြစ်ဘူး။ ညီမလေးကိုယ်တိုင် ဖျက်မချဘဲ မပျက်ဘူး။ ညီမက ဝန်မခံဘဲလည်း ဘယ်သူမှ သိမှာ မဟုတ်ဘူး ’ တဲ့ ။

ဒါပေမဲ့ မူး မလုံပါ။ မင်းခမ်းနားနှင့် မျက်နှာချင်းဆိုင်၍ မျက်လုံးချင်းဆုံ စကားပြောဖို့ အတွက် တော်တော့်ကို ဝန်လေးနေမိသည် ။

ကိုယ့်ဘဝက ဒီလိုမှ မလုပ်ပြန်လျှင်လည်း ဦးဦးမောင် စီစဉ်ကြံစည်နေသမျှကို ခါးစည်း ခံရဖို့ ပဲ ရှိတော့သည် ။ လူ သို့မဟုတ် ပစ္စည်းတစ်ခုခုကို မရမနေ ညှစ်ထုတ်နေသည့်အဖြစ်မှာ မူး ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့ပေ။

တခြားကို သွားပါလားဆိုတော့လည်း ဘွားတို့ နဲ့ ပတ်သက်သမျှ ဘယ်မှာ ဖြစ်ဖြစ် ဦးဦးမောင် သိမှာ ပဲဖြစ်သည် ။

ထို့ကြောင့် ဘွား လွှတ်လိုက်တဲ့ အတိုင်း နာခံခဲ့သလိုပုံဖမ်း၍ မူး ထွက်လာခဲ့သည် ။

ရည်ရွယ်ချက်ထဲမှာ ဘွားပြောသလို ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် လက်ထပ်ဖြစ်ဖို့ ပဲ ဆိုတာမျိုး စိုးစဉ်းမျှပင် မရှိခဲ့ပေ။

‘မင်္ဂလာကိစ္စကို စပြောလိုက်ကတည်းက သူက ခေါင်းခါတာ။ အဲဒါကြောင့် ဓါတ်ပုံလည်း မပြဖြစ်ခဲ့ဘူး’ ဟု ဘဘကြာထံမှ နောက်ထပ်သိလိုက်ရလို့ မူး ပျော်သွားသည် ။

ဓါတ်ပုံကိုကြည့်ပြီး ခေါင်းခါခံလိုက်ရတာထက်တော့ အများကြီး ခံသာသွားခဲ့၏။ ဒါပေမဲ့ လှပချောမွေ့သော မိန်းမတစ်ယောက်၏ မာန်မာနမျိုး မူးမှာ ရှိသည် ။

ကိုယ်က စိတ်ကြိုက် ရွေးချယ်၊ ငြင်းပယ်ချင်သည် ။ ကိုယ့်ကို ခေါင်းခါခံလိုက်ရသည့် အဖြစ်အတွက် ဘယ်လိုမှ မကျေနပ်နိုင်။

'သင်းက ဘာမို့လို့ ငါ့ကိုငြင်းရတာလဲ' ဆိုသည့် မကျေနပ်ခြင်းက သတိရတိုင်း နှိပ်စက် နေခဲ့သည် ။

"သူက သမီးကို မနှစ်သက်လို့ ငြင်းတာတော့ မဟုတ်ဘူး ကွယ့်။ နှစ်သက်ခြင်း၊ မနှစ်သက် ခြင်းကို ဆုံးဖြတ်တဲ့ အထိကိုပဲ သူ့ခေါင်းထဲ မထည့်တာ။ အလုပ်တွေ လုပ်တာတောင်မှ သူ့အလုပ်ထဲမှာ မိန်းကလေး မရှိဘူးလို့ သေချာကြားခဲ့တယ်"

"ဒါဆို သူက အသည်းကွဲသမားကြီးပေါ့။ မိန်းမမုန်းတီးရေး ဝါဒီကြီးလေ"

မူး မေးလိုက်တော့ ဦးသောကြာ ခေါင်းခါသည် ။

"ဒီလိုလည်း ဟုတ်ပုံမရပါဘူး။ ဒီကောင်လေး ရည်ရည်မွန်မွန်တော့ ရှိသားပဲ။ မိန်းမသားတွေနဲ့ ခေါ်ပြောဆက်ဆံတာလည်း တင်းပြတ် မောက်မာတာ မမြင်ခဲ့ပါဘူး"

နောက်ဆုံးမှာ ဒေါ်လေးသူဇာနှင့် မူး ကြံစည်ဖြစ်တာက မူး ယောက်ျားလေး ဖြစ်သွားခဲ့သည် ။ မင်းခမ်းနား၏ အရိပ်ထဲကို ဝင်ဖို့ အားလုံး ဦးသောကြာက ကူညီ၏။

ဒေါ်သူဇာသည် 'ပန်းမြတ်စံအိမ်' မှ တတိယသားထွေး ဦးမျိုးဆက်၏ ဇနီး ဆိုတာကို မင်းခမ်းနား၏ လူကြီးတွေဘက်က သိကြသဖြင့် ဟိုတုန်းကတည်းက အခေါ်အပြောတွေ ရှိထားခဲ့ကြ၏။ မရင်းနှီးပေမယ့် ခင်ခင်မင်မင် ရှိခဲ့သည် ။

ဒီအိမ်မှာ ထမင်းချက်အတွက် အသက်ကြီးကြီး မိန်းမတစ်ယောက် လိုချင်သည် ဟု ပြောသံကြား တော့လည်း ဦးသောကြာက သူ့ကို အကူအညီတောင်းတာမဟုတ်ဘဲ ဒေါ်နော်ထားကို သူကိုယ်တိုင် သွားပို့ပေးခဲ့

သည် ။

ဒေါ်ထားက အိမ်ဖော်လုပ်စားခဲ့သူ မဟုတ်ပါ။ ထမင်းဆိုင်ကြီးတစ်ဆိုင်မှာ စားဖိုမှူး လုပ်ခဲ့သူ ဖြစ်သည် ။ ဟိုမှာ အဆင်မပြေဖြစ်ကာ အလုပ်လက်မဲ့ ဖြစ်နေတုန်း အကြောင်းသင့် ပေါင်းခဲ့ကြတာ ဖြစ်သည် ။

ထို့ကြောင့် မူးကိစ္စကြုံလာတော့ ဒေါ်ထားက ကိုယ့်လူမို့ အားလုံးက အဆင်ပြေသွားခဲ့၏။

"ဘဘနဲ့ လည်း ဟိုတုန်းကတော့ ဘာသိဘာသာပါပဲ။ သူတို့ က သူဌေးကြီးတွေပဲကွယ်။ ဘဘတို့ ကို မေးထူးခေါ်ပြောလောက် အရေးလုပ်ကြတာပဲ မဆိုးဘူးလို့ ပြောရမှာ ပေါ့။ ဒေါ်ထားကို ပို့ပေးလိုက်ပြီး ဘဘလည်း ဘယ်သူနဲ့ မှ မဆုံဖြစ်ခဲ့ပါဘူး။ မမကြီးခိုင်းတဲ့ ကိစ္စပေါ်လာမှ သွားတွေ့ဖြစ်ခဲ့တာ"

တကယ်တော့ ဒေါ်လေးသူဇာဟာ လေးလေးဆက်ရဲ့ ဇနီး ဆိုပေမယ့် ကိုယ့်ဦးလေးဆုံးခဲ့တာ ကြာပြီဆိုတော့ ဘာမှ မတော်စပ်ဘူးလို့ လည်း ပြောလို့ ရနေသည် ။ ဒေါ်လေးက နောက်အိမ်ထောင် လည်း မပြုခဲ့ဘဲ ဦးလေးဖြစ်သည့် ဦးသောကြာနဲ့ ပဲ ရိုးရိုးသားသား ရှန်းကန်ရှာဖွေစားခဲ့၏။ ဘွားကလည်း ဒေါ်လေးတို့ တူဝရီးကို ထောက်ပံ့မပျက်ခဲ့ပါ။

ထို့ကြောင့်လည်း ဦးသောကြာနှင့် ဒေါ်လေးသူဇာတို့ ဟာ 'ပန်းမြတ်စံအိမ်' အတွက် ဘာမဆို မှန်ကန်ဖြောင့်မတ်စွာ ကူညီစွမ်းဆောင်ပေးကြသည် ။

ပို့တဲ့ လူတွေကလည်း ပို့ပေးခဲ့သည် ။ ရောက်လည်း ရောက်ခဲ့ပြီ။ လက်ခံတဲ့ သူကလည်း ဘာမှ သိတာမဟုတ်။ ဒါပေမဲ့ မူး ရင်ခုန်မပြေပါ။ ရှက်တာလည်း မဟုတ်၊ ကြောက်ရွံ့တာလည်း မဟုတ်ပေ။

အလိမ်ပေါ်သွားမှာ ပဲ စိုးရိမ်နေခဲ့၏။ အလိမ်ပေါ်သွားခဲ့လျှင် ပထမဆုံး မူးပဲ အရှက်ကွဲမှာ ဖြစ်သည် ။ သူ့ကိုလိုချင်လွန်းလို့ အယောင်ဆောင် လာကပ်နေသည် ဟု ထင်လိမ့်မည်။ ရှင်းရ လင်းရမှာ တွေက နောက်မှ ...။

တံခါးဖွင့်၍ အပြင်ကို သာသာလေး ခေါင်းပြူကြည့်လိုက်တော့ ဘယ်သူမှ မရှိ။

မူး အသက်ဝဝရှူကာ ကိုယ်ကို မတ်မတ်တောင့်တောင့် ပြန်ရပ်ပြီး တံခါးပြန်ဖွင့်သည် ။ ပုံမှန်အနေအထားနှင့် ထွက်လိုက်တာတောင်မှ ...

“ချာတိတ်”

“အဲ...”

နောက်ကခေါ်သံကြောင့် ဒီတစ်ခါ တုန်မသွားအောင် ထိန်းမှ ပဲ ဆုံးဖြတ်ထားတာ ပျက်၏။

“ဟော့... မင်း ရေချိုးတာလား။ ဘာဝင်လုပ်တာလဲ”

ပြဿနာပါလား။ ရေချိုးမှာ ပဲ ရေချိုးခန်းအားပြီဥစ္စာ... ဝင်သွားပါလား။ မရိုးသားတာက ကိုယ်။ ဒါပေမဲ့ သူ့ကိုပဲ ဒေါသထွက်မိ၏။

“ရေချိုးတာပါ”

မူး ဖြေလိုက်ပြီးတော့ မင်းခမ်းနားက မူးဘေးကို ရောက်လာကာ...

“ရေချိုးတာ ဒီတိုင်းကြီး ပြန်ထွက်လာသလိုပဲ”

ကြည့်ပြီး သူ့အမြင်မှာ မူးက ယောကျ်ားလေးကိုး။ မူးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးမှ ...

“မင်းမှာ အဝတ်အစားအပို မပါဘူးလား”

မနေ့က ဝတ်လာသည့် အင်္ကျီ ဘောင်းဘီတွေမှန်းလည်း သိလိုက်တာပဲလား။ ဟွန်း... ဒါနဲ့ များ ‘စပ်စပ်စုစု မလုပ်တတ်ဘူး’ တဲ့ ။ မူး မကျေမနပ်နှင့် သူ့ဆီမရောက်သော မျက်စောင်းဖြင့် ရွယ်၏။

“ပါပါတယ်။ ကျွန်တော် ဒါပဲကြိုက်လို့ ”

“ဘယ်လို”

ပြန်မေးလိုက်ပုံက ရယ်ကျဲကျဲနှင့်မို့ နားမလည်လို့ မေးတာမဟုတ်မှန်း သိသာပါသည် ။ မူးကို သူက ရယ်စရာလို တစ်ချက်ကြည့်ပြီးမှ ရေချိုးခန်းဘက်ကို ထွက်သွား၏။

“ကြိုက်တော့ ကြိုက်ပေါ့ကွာ။ ရုပ်ကလေး သနားကမားနဲ့ တော့ မညစ်ပတ်နဲ့ နော်” တဲ့ ။

သူ ရေချိုးခန်းထဲဝင်ပြီး တံခါးပိတ်သွားမှ မူး တံခါးကို လက်သီးဆုပ်နှင့် အားရှိပါးရှိ ရွယ်လိုက်မိသည် ။

‘ညစ်ပတ်တော့ ဘာဖြစ်လဲ’

*